VERMONT
DEPARTMENT OF LABOR

# သဘာဝဘေးဒဏ်ကြောင့် အလုပ်လက်မဲ့များအတွက် အကူအညီ – မကြာခဏမေးလေ့ရှိသော မေးခွန်းများ

### မိမိအလုပ်နေရာရေမြုပ်နေပြီး မိမိအလုပ်ရှိ၊မရှိဆိုသည်မှာ မရေမရာဖြစ်နေသည်။ မိမိဘာလုပ်ရမည်နည်း။

ပထမအဆင့်မှာ ပုံမှန်လုပ်လက်မဲ့အာမခံ (UI) အတွက် လျှောက်ထားပါ။ သင်သည် ဖုန်း(သို့မဟုတ်) အလုပ်သမားဌာန၏ ဝက်ဆိုဒ်ဖြစ်သော my.vermont.gov – Login တွင် အွန်လိုင်းကနဦး တောင်းဆိုသူလျှောက်လွှာမှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။ ဤကဲ့သို့သောအရေးပေါ်အခြေအနေများတွင် အခြားလူများစွာလည်း အလုပ်လက်မဲ့အကျိုးခံစားခွင့်များကို လျှောက်နေသည့်အတွက် သင်သည် အချိန်ကြာမြင့်စွာ ဆိုင်းငံ့ခံထားနိုင်ပါသည်။ သင့်တွင် ကွန်ပျူတာမရှိပါက သင့်ခရိုင်တွင် ဝန်ဆောင်မှုပေးသော ဗားမောက်အလုပ်သမားဌာန အလုပ်စင်တာ သို့သွားပါ။ အနီးဆုံး ဗားမောက်အလုပ်သမားဌာန တည်နေရာကို ဤနေရာတွင် ရှာဖွေနိုင်သည်– https://labor.vermont.gov/workforce-development/job-centers

### သဘာဝဘေးဒဏ်ကြောင့် အလုပ်လက်မဲ့များအတွက် အကူအညီ (DUA) ဆိုတာဘာလဲ။

သဘာဝဘေးဒဏ်ကြောင့် အလုပ်လက်မဲ့များအတွက် အကူအညီ (DUA)သည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသူများအပါအဝင် ကြီးမားသော သဘာဝဘေးဒဏ်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားသူများကို ကူညီပေးသည့် အစီအစဉ်တစ်ခုဖြစ်သည်။ အလုပ်သစ်မရမချင်း သူတို့ကိုကူညီဖို့ ယာယီငွေပေးသည်။ DUA သည် ပုံမှန်အလုပ်လက်မဲ့ ခံစားခွင့်များနှင့် ကွဲပြားသည်။

### DUA အစီအစဉ်ကို မည်ကဲ့သို့စီမံလုပ်ဆောင်ပါသလဲ။

DUA အစီအစဉ်ကို ဗဟိုအလုပ်သမားဌာနနှင့် FEMA (ဖက်ဒရယ် အရေးပေါ်စီမံခန့်ခွဲမှု အုပ်ချုပ်ရေး – သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းသည့် အစိုးရဌာန)မှ လုပ်ဆောင်သည်။ သမ္မတက ကြီးကြီးမားမား ကပ်ဘေးတစ်ခု ကြေညာပြီးနောက်၊ FEMA သည် DUA ခံစားခွင့်များကို ပေးဆောင်ရန် ပြည်နယ် အလုပ်သမားဌာနသို့ ငွေပေးသည်။ အစီအစဉ်လည်ပတ်မှုကုန်ကျစရိတ်များအတွက်လည်း

VERMONT
DEPARTMENT OF LABOR

နိုင်ငံတော်မှ ပြည်နယ်အစိုးရကို ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ ဗားမောက်ပြည်နယ်တွင် DUA အကျိုးခံစားခွင့်များပေးဆောင်ရန် အလုပ်သမားဌာနက တာဝန်ယူပါသည်။ သတ်မှတ်ချက်များနှင့်ပြည့်မီသူများအတွက် အကျိုးခံစားခွင့်များရရှိနိုင်အခါတွင် ဗားမောက်အလုပ်သမားဌာနက ကြေညာမည်ဖြစ်သည်။

**မည်မျှကြာကြာ အကျိုးခံစားခွင့်များ ရရှိနိုင်မည်နည်း။**

သင်သည် ဗားမောက်ပြည်နယ်ရှိ DUA အတွက် သတ်မှတ်ချက်များနှင့်ပြည့်မီပါက ကပ်ဘေးကြေညာပြီးနောက် ၂၇ ပတ်အထိ အကျိုးခံစားခွင့်များ ရရှိနိုင်ပါသည်။ ကပ်ဘေးအန္တရာယ်ကြောင့် အလုပ်လက်မဲ့ဖြစ်နေသရွေ့၊ အကျိုးခံစားခွင့်တွေ ဆက်လက်ရရှိနိုင်ပါတယ်။

**DUA ကို ဘယ်သူတွေ လျှောက်ထားနိုင်မလဲ။**

DUA အတွက် လျှောက်ထားရန်၊ သင်သည် အောက်ပါအခြေအနေများထဲမှ တစ်ခုကို ပြည့်မီရန် လိုအပ်သည် –

က) သဘာဝကပ်ဘေး စတင်ပြီးနောက် သင်သည် အလုပ်လက်မဲ့ တစ်ပတ်အကြာ ဖြစ်ခဲ့သည်။
ခ) သင်သည် သင်၏အလုပ်ကို အရောက်မသွားနိုင်ပါ။
ဂ) ကပ်ဘေးကြောင့် သင်၏အလုပ် လုံးဝပျက်စီးခဲ့သည် (ဒါမှမဟုတ်)သင်သည် သင်၏အလုပ်ကို အရောက်မသွားနိုင်ပါ။
ဃ) အိမ်ထောင်ဦးစီးသည် ကပ်ဘေးအတွင်းသေဆုံးသွားသောကြောင့် ယခုသင်သည် သင့်မိသားစု၏ အဓိက ပံ့ပိုးကူညီသူဖြစ်လာသည်။
င) သဘာဝကပ်ဘေးအတွင်း ထိခိုက်ဒဏ်ရာများကြောင့် သင်အလုပ်မလုပ်နိုင်ပါ။
စ) သဘာဝကပ်ဘေးကြောင့် သင်အလုပ်မလုပ်နိုင်ပါ။

အကယ်၍ သင်သည် အမေရိကန် နိုင်ငံသား မဟုတ်ပါက၊ သို့ပေမဲ့ သင်သည် အမေရိကန်နိုင်ငံတွင် အလုပ်လုပ်ရန် ခွင့်ပြုချက်ရရှိထားသူဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် DUA ကို သင်ရရှိနိုင်ပါသည်။

![Vermont Department of Labor]

## DUAမလျှောက်မီ ပုံမှန်အလုပ်လက်မဲ့ အကျိုးခံစားခံခွင့်များအတွက် လျှောက်ထားရန် လိုအပ်ပါသလား။

ဟုတ်ပါတယ်၊ ပုံမှန်အလုပ်လက်မဲ့အကျိုးခံစားခွင့်တွေကို ဦးစွာလျှောက်ထားရပါမယ်။ ပုံမှန်အလုပ်လက်မဲ့အကျိုးခံစားခွင့်ရရှိရန် သတ်မှတ်ချက်မပြည့်မီပါက DUA အကျိုးခံးစားခွင့်ကို သင်ရရှိနိုင်ပါသည်။ ပုံမှန်အလုပ်လက်မဲ့ခံစားခွင့် (UI) ကနဦး တောင်းဆိုသူလျှောက်လွှာတွင် သင့်အလုပ်အကိုင်သည် သဘာဝကပ်ဘေးဒဏ်ခံခဲ့ရပါသလားဆိုသည့် မေးခွန်းကို မေးမည်ဖြစ်သည်။

## မိမိ ပိုက်ဆံဘယ်လောက်ရမလဲ။

တစ်ပတ်လျှင် သင်ရရှိမည့်ငွေပမာဏသည် သင်၏၂၀၂၂ ခုနှစ်ဝင်ငွေပမာဏ အပေါ်မူတည်ပါသည်။ အကယ်၍သင်သည် ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူဖြစ်ပါက ၂၀၂၂ခုနှစ်မှရရှိသော သင်၏အသားတင်ဝင်ငွေကို ကြည့်သည်။ ယေဘူယျအားဖြင့် DUA ခံစားခွင့်ငွေပမာဏကိုလည်း ပုံမှန်အလုပ်လက်မဲ့ခံစားခွင့်(UI) တွက်ချက်မှု ဖော်မြူလာအတိုင်း အသုံးပြုပါသည်။ တွက်ချက်မှုများကို [VT Dept Labor - B11Claimant Feb 22.pdf (vermont.gov)] တွင် ကြည့်ရှုနိုင်ပါသည်။

## မည်သည့် ဗားမောက်ပြည်နယ်ခရိုင်တွင် သင် DUA လျှောက်ထားနိုင်မလဲ။

ဇူလိုင်လ ၁၈ရက်နေ့အရ ဗားမောက်ရှိအောက်ပါ ခရိုင်များတွင် DUA လျှောက်ရန်သတ်မှတ်ချက်များ ကိုက်ညီသည်ဟု FEMA ကဆုံးဖြတ်ထားပါသည်။

• ချစ်တဒင်း (၂၀၂၃ ခုနှစ်၊ဇူလိုင်လ၂၀ တွင် ကြေညာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ရက် နောက်ဆုံးထားပြီးလျှောက်ရန်)
• လမွိုင်း (၂၀၂၃ ခုနှစ်၊ဇူလိုင်လ၂၀ တွင် ကြေညာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ရက် နောက်ဆုံးထားပြီးလျှောက်ရန်)
• ရွှတ်လန်း (၂၀၂၃ ခုနှစ်၊ဇူလိုင်လ၂၀ တွင် ကြေညာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ရက် နောက်ဆုံးထားပြီးလျှောက်ရန်)
• ဝါရှင်တန် (၂၀၂၃ ခုနှစ်၊ဇူလိုင်လ၂၀ တွင် ကြေညာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ရက် နောက်ဆုံးထားပြီးလျှောက်ရန်)

VERMONT
DEPARTMENT OF LABOR

• ဝင်းန်ဒမ်း (၂၀၂၃ ခုနှစ်၊ဇူလိုင်လ၂၄ တွင် ကြေငြာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ရက် နောက်ဆုံးထားပြီးလျှောက်ရန်)
• ဝင်းန်းစာ (၂၀၂၃ ခုနှစ်၊ဇူလိုင်လ၂၄ တွင် ကြေငြာခဲ့ပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ရက် နောက်ဆုံးထားပြီးလျှောက်ရန်)

**DUA လျှောက်ထားရန် မည်သည့်စာရွက်စာတမ်းများ လိုအပ်သနည်း**

DUA လျှောက်သောအခါတွင်၊ သင့်တွင်-

က) သင်၏ ဆိုရှယ်စကျူရတီ နံပါတ်
အကယ်၍ သင်သည် အမေရိကန် နိုင်ငံသား မဟုတ်ပါက၊ သင်၏ အေနံပါတ်နှင့် သက်တမ်းကုန်ဆုံးရက်
ခ) သင်၏နောက်ဆုံးအလုပ်ရှင်၏အမည်နှင့်လိပ်စာ
ဂ) လွန်ခဲ့သည့် နှစ်နှစ်အတွင်း အခြားပြည်နယ်တစ်ခုတွင် အလုပ်လုပ်ခဲ့လျှင် ထိုအလုပ်ရှင်၏ အမည်နှင့် လိပ်စာ၊
ဃ) အကယ်၍ သင်သည် ကိုယ်ပိုင်အလုပ် လုပ်ကိုင်သူဖြစ်ပါက၊ လွန်ခဲ့သော နှစ်နှစ်အတွင်း သင်၏ကိုယ်ပိုင်လုပ်ငန်းဆိုင်ရာ အထောက်အထား (အခွန်ပြန်တမ်းများ သို့မဟုတ် ဘဏ်မှတ်တမ်းများ)
င) သင်သည်အလုပ်လုပ်ရန်အချိန်ဇယားရှိထားခဲ့ပြီး ဘေးအန္တရာယ်ကြောင့် အလုပ်မလုပ်နိုင်ပါက အလုပ်ရှင်၏ အမည်၊ နေရပ်လိပ်စာနှင့် သင်အလုပ်လုပ်ရမည့်ရက်စွဲများ။

**ကျွန်ုပ်၏တောင်းဆိုချက်ကို အယူခံဝင်ပါက မည်သို့လုပ်ဆောင်ရမည်နည်း။**

သင်၏ DUA ဆုံးဖြတ်ချက်ကို သင်သဘောမတူပါက ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ပါ။ သင်၏ DUA အယူခံကို သင့်ဖက်မှတင်သွင်းအပြီး ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ပါမည်။ အယူခံဝင်ခြင်း၏ ဆုံးဖြတ် ချက်ကို သင်သဘောမတူပါက၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးထံ အယူခံဝင်ရန် ၁၅ ရက် ရှိသည်။ သင့်၏ပထမအယူခံဝင်သည့်အချိန်ပေါ်မူတည်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးသည် ၄၅ ရက် သို့မဟုတ် ရက် ၉၀ အတွင်း ဆုံးဖြတ်ချက်ချပါမည်။

VERMONT
DEPARTMENT OF LABOR

**အလုပ်ရှာဖွေရေး လိုအပ်ချက်တွေက ဘာတွေလဲ။**

၁၀ ပတ် သို့မဟုတ် ထိုထက်နည်းသော ယာယီအလုပ်မှထုတ်ခံရသော ဝန်ထမ်းများအတွက် အလုပ်ရှာဖွေရန် လိုအပ်ချက်မရှိပါ။ အကျိုးခံစားခွင့်များကို လျှောက်ထားသူများသည် အလုပ်ရှာဖွေမှု လိုအပ်ချက်ကို သက်ညှာရန်အလို့ငှာ အလုပ်ပြန်စမည့်ရက်ကို ခန့်မှန်းခြေပေးရပါမည်။

ပိုမိုသိရှိလိုပါကကျွန်ုပ်တို့၏ဝဘ်ဆိုဒ် [www.labor.vermont.gov](http://www.labor.vermont.gov) သို့ဝင်ရောက်ကြည့်ရှုပါ။